ADA Australia
*Your aged and disability advocates*

# သင်၏ သက်ကြီး စောင့်ရှောက်ပံ့ပိုးရေး ဝန်ဆောင်မှု

## အခမဲ့နှင့် လျှို့ဝှက် သင့်အမြင်၊ သင့် ပြောဆိုခွင့်

(Burmese/မြန်မာ)





- သင် အိုမင်းသူဖြစ်ပြီး အိမ်၌ အကူအညီ လိုအပ်ပါသလား။
- အိုမင်းသူများကို ကူညီရန် သက်ကြီးစောင့်ရှောက်ရေး ဝန်ဆောင်မှုများ ရရှိနိုင်သည်ကို သင် သိပါသလား။
- သက်ကြီးစောင့်ရှောက်ရေး ဝန်ဆောင်မှုများကို ရယူရန် သင် အကူအညီ လိုအပ်ပါသလား။
- သင် လက်ရှိအသုံးပြုနေသည့် သက်ကြီးစောင့်ရှောက်ရေး ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ပြဿနာများ ရှိနေပါသလား။

ဩစတြေးလျနိုင်ငံရှိ အိုမင်းသူများသည် သက်ကြီးစောင့်ရှောက်ရေး ဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုများကို ရယူခွင့်ရှိသည်။ သင့်အား ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများ ရှိပါသည်။ သင် ရယူနိုင်သည်မှာ-

- သင် မှီခိုကင်းစွာ နေစေရန် အိမ်၌ သင့်အား ပံ့ပိုးပေးသည့် သက်ကြီးစောင့်ရှောက်ရေး ဝန်ဆောင်မှုများ
- ထိခိုက်ဒဏ်ရာ သို့မဟုတ် နာမကျန်းဖြစ်ပြီးနောက် သင် ပြန်လည်ကောင်းမွန်လာစေရန် ရေတိုစောင့်ရှောက်မှု
- သင် အိမ်၌ မနေနိုင်တော့သည့်အခါ သက်ကြီးစောင့်ရှောက်ရေး ဂေဟာတွင် နေရာတစ်နေရာ။

### ကျွန်ုပ်တို့ မည်သို့ကူညီနိုင်သနည်း။

ADA Australia သည် သင့်အား အောက်ပါအတိုင်းကူညီမည့် အကျိုးဆောင်မှုများကို လုပ်ပေးသည်-

- ရရှိနိုင်သော ဝန်ဆောင်မှုများကို သင် သိရှိရန်
- စောင့်ရှောက်မှုနှင့် ပံ့ပိုးရေး ဝန်ဆောင်မှုများကို သင် ရယူရန်
- သင့် သက်ကြီးစောင့်ရှောက်ရေး ဝန်ဆောင်မှုများထံမှ သင် အများဆုံး ရယူရန်
- သက်ကြီးစောင့်ရှောက်ရေး ကုန်ကျစရိတ်များနှင့် အခကြေးငွေများကို သင် နားလည်စေရန်
- သင့် သက်ကြီးစောင့်ရှောက်ရေး ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် ပြဿနာများကို သင် ဖြေရှင်းရန် သို့မဟုတ် မကျေနပ်ချက် တိုင်တန်းရန်
- သင့် အခွင့်အရေးများကို နားလည်ပြီး သင့်အား လေးစားစွာနှင့် မျှတစွာ ဆက်ဆံစေရန်
- သင့်အပေါ် သက်ရောက်မှုရှိမည့် စောင့်ရှောက်မှုနှင့် အရာကိစ္စများတွင် သင် ပြောဆိုခွင့်ရှိရန်။

### အကျိုးဆောင်ရွက်ပေးခြင်းဆိုသည်မှာ ဘာလဲ။

အကျိုးဆောင်ရွက်ပေးခြင်းသည် သင့်လိုအင်ဆန္ဒများကို ထုတ်ဖော်ပြောစေရန်နှင့် သင့်အခွင့်အရေးများနှင့် လိုအပ်ချက်များကို ဖွင့်ဟပြောဆိုစေရန် ပံ့ပိုးပေးသည်။ ADA Australia ၏ အကျိုးဆောင်တစ်ဦးမှာ သင့် အခြေအနေကို နားထောင်နိုင်ပြီး ပြဿနာများကို သင်ဖြေရှင်းရန် ကူညီပေးနိုင်သည့် ဘက်မလိုက်သူတစ်ဦး ဖြစ်ပါသည်။

အကျိုးဆောင်တစ်ဦးသည် သင့်ဘက်ရပ်တည်ပေးပြီး သင် အလိုရှိသည့်ကိစ္စကို ဆောင်ရွက်ပေးပါမည်။ အရေးကြီးစွာဖြင့် သူတို့သည် သင်၏ ကိုယ်ရေးကိစ္စကို ကာကွယ်ပေးပြီး သင် မလိုလားလျှင် အခြားသူအား ပြောပြမည် မဟုတ်ပါ။

### ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများမှာ-

- အခမဲ့၊ လျှို့ဝှက်၊ သီးခြားလွတ်လပ်သည်
- သင်က ညွှန်ကြားသည့်အတိုင်း ဖြစ်ပါသည်

## ကျွန်ုပ်တို့နှင့် ဖုန်း 1800 700 600 ဖြင့်စကားပြောဆိုပါ

Interpreter သင် စကားပြန် အလိုရှိလျှင် ဖုန်း 131 450 ကိုခေါ်ပါ

အီးမေးလ်- info@adaaustralia.com.au
ဝက်ဘ်ဆိုက်- www.adaaustralia.com.au

ADA Australia သည် ဤမြေ၏ မိရိုးဖလာ အုပ်ထိန်းပိုင်ရှင်များကို အသိအမှတ်ပြုပြီး အတိတ်၊ ပစ္စုပ္ပန်နှင့် နောင်ပေါ်လာမည့် လူကြီးသူမများကို လေးစားပါသည်။